# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 14 , 2023 Volume 70, Number 10


၁၄.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၃.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၃၂ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၆၇၆ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုနှစ် ရှစ်လတာကာလအတွင်း ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၄၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၅ ခု ခွင့်ပြုပေးထား

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၂၄၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၄၅ ခု ခွင့်ပြုပေးထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ယခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုးခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခု၊ ဖေဖော်ဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ မတ်လတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကိုးခု၊ ဧပြီလတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခု၊ မေလတွင် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ဇွန်လတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခု၊ ဇူလိုင်လတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခု၊ ဩဂုတ်လတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခုတို့ကို ခွင့်ပြုပေးခဲ့ပြီး လျှပ်စစ်ကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများပါဝင်ကြောင်းသိရသည်။

ယင်းကာလအတွင်း အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် တပ်ဆင်၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း၊ မြေပဲနှင့်နေကြာများကိုကြိတ်ခွဲ၍ ဆီထုတ်လုပ်ခြင်းနှင့် စားအုန်းဆီသန့်စင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဆေးဆိုးပန်းရိုက်အဝတ်အထည်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ အီလက်ထရွန်နစ် အစိတ်အပိုင်းအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း၊ Warehousing and Logistics Service လုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ဆန်ကြိတ်ခွဲခြင်း၊ ဆန်ဖွပ်ချောသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဝိုင်ယာကြိုးအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ အလူမီနီယမ်၊ ခဲမဖြူ (သံဖြူ) နှင့် ကြေးနီသတ္တုထုတ်လုပ်၍ ၁၀၀ ရာခိုင်နှုန်း ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း၊ တန်ဖိုးမြှင့် ရော်ဘာကုန်ကြမ်းများကို ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းနှင့် ဂျပ်ဖာများ ထုတ်လုပ်၍ ၁၀၀ ရာခိုင်နှုန်း ပြည်တွင်း၌ ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး ထုတ်လုပ်တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ပါဝင်ကြောင်းသိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် ဇန်နဝါရီလတွင် ၄၃၂၂ ဦး၊ ဖေဖော်ဝါရီလတွင် ၉၀၂ ဦး၊ မတ်လတွင် ၄၃၂၂ ဦး၊ ဧပြီလတွင် ၁၆၃ ဦး၊ မေလတွင်

၄၅ ဦး၊ ဇွန်လတွင် ၄၄၈၄ ဦး၊ ဇူလိုင်လတွင် ၆၁၇ ဦးနှင့် ဩဂုတ်လတွင် ၉၂၁၆ ဦး စုစုပေါင်း ၂၄၀၇၁ ဦးကို ပြည်တွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် ယင်းကာလအတွင်း တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံ အပါအဝင် အခြားနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## ပြည်တွင်းဂျုံဈေးနှုန်း ဆက်တိုက်မြင့်တက်လာပြီးနောက် အရောင်းအဝယ်အေးနေ




ပြည်တွင်းဂျုံဈေးနှုန်း ဆက်တိုက်မြင့်တက်လာပြီး အမြင့်ဈေးတန်းတွင်ရှိနေသော်လည်း ဂျုံဈေးကွက် အရောင်းအဝယ်အေးနေကြောင်း မန္တလေးဈေးကွက်မှသိရသည်။ ဂျုံစက်ရုံများအနေဖြင့် လိုအပ်သည့် ဂျုံပစ္စည်းသိုလှောင်မှုရှိနေသည့်အတွက် အရည်အသွေးကောင်းသည့် ပစ္စည်းကိုသာ ဝယ်ယူမှုရှိနေသောကြောင့် ဈေးကွက်တွင် ဂျုံများဝင်ရောက်နေပေမယ့် ဝယ်လိုအားနည်းနေသည်ဟု သိရသည်။ "ပြောရရင် ဈေးကတော့ အမြင့်တန်းမှာပဲရှိတယ်ဆိုပေမယ့် အရောင်းအဝယ်အေးနေတယ်။ ဒေါ်လာဈေး၊ ရွှေဈေးကျတာကြောင့်လည်းပါမလား မပြောတတ်ဘူး။ Demand ကနည်းနေတယ်၊ ပစ္စည်းကောင်း အရည်အသွေးကောင်းတာကိုပဲ ရွေးဝယ်တဲ့ အနေအထားရှိတယ်။ ဥပမာပြောရရင် ဂျုံမှာဆို မုန့်လုပ်တဲ့သူတွေ မုန့်အကောင်းလုပ်တဲ့သူတွေက ရှမ်းဂျုံကိုသုံးလို့မရဘူး။ ဗမာဂျုံကလည်း ခေါက်ဆွဲလုပ်ရင် သုံးမရဘူး၊ အဲဒီလိုပဲ ကိုယ်လုပ်ငန်းနဲ့အဆင်ပြေတာကိုပဲဝယ်ပြီး အသုံးပြုရတယ်" ဟု မန္တလေးဝင်းဝင်းပွဲရုံမှ ကိုရဲမိုးမှ ပြောသည်။

လက်ရှိ မန္တလေးဈေးကွက်ရှိ ဂျုံဈေးနှုန်းမှာ ဂျုံ (တောင်ဘက်/ငါန်းဇွန်/ မြို့သာ)၊ ဂျုံ(မုံရွာ/ ဘုတလင်တို့က ပိဿာ ၆၀ ကို ၂၁၅၀၀၀ မှ ၂၂၀၀၀၀ ကျပ်ဈေးပေါက်ပြီး ဂျုံ ( စစ်ကိုင်း/ဆားတောင်/ရွှေဘို) နဲ့ ဂျုံ (မြင်းမူ/ မြောင်) ကတော့ ပိဿာ ၆၀ ကို ၂၁၀၀၀၀ မှ ၂၂၀၀၀၀ ကျပ်ရှိကာ ကလေးမြို့မှထွက်သည့် ဂျုံကတော့ ပိဿာ ၆၀ ကို ၁၇၀၀၀၀ မှ ၁၉၀၀၀၀ ကျပ်အထိ ရှိကြောင်း သိရသည်။

ရှမ်းပြည်မှထွက်ရှိသည့် ဂျုံ (ရှမ်း) နဲ့ ဂျုံ (အထွက်တိုး)က ပိဿာ ၆၀ ကို ၁၈၅၀၀၀ မှ ၁၉၅၀၀၀ ကျပ်ဈေးရှိပြီး ဂျုံ –ပန်ဆိုင်း(ကြူကုတ်) က ၁၇၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ် အထိရှိကြောင်းသိရသည်။ ဂျုံဈေးကွက်တွင် ဂျုံအိတ်ရေပေါင်းထောင်နဲ့ချီဝင်ရောက်မှုရှိနေသည်ဟုသိရသည်။ "ထုတ်ပြန်တဲ့ ဈေးဆိုတာ အနီးစပ်ဆုံးကိုတွက်ပြီး ကြေငြာပေးတာပေါ့။ အပြင်မှာ အဲဒီထက်ပိုပြီး ဈေးကအရောင်းအဝယ်ပိုတာလည်းရှိတယ်။ ဂျုံဈေးက ဆက်တိုက်တက်လာတာ၊ အခုရက်ပိုင်းမှ နည်းနည်း အေးသွားတာပါ။ အရင်ရက်ကတော့ ဂျုံရှိသလောက် အကုန်အဝယ်ရှိတယ်၊ အရင်က အိန္ဒိယနိုင်ငံက ဝင်တယ်ဆိုတာလည်း ဂျုံအမှုန့်ပါ၊ အဟောင်းတွေပေါ့။ ခုမဝင်တာကြာပြီ"ဟု မန္တလေးမှ ကုန်သည်တစ်ဦးမှပြောသည်။

ပြည်တွင်း ဂျုံဈေးကွက်ထဲကို အရင်က အိန္ဒိယနိုင်ငံဘက်မှ တရားမဝင်လမ်းကြောင်းကနေ ဂျုံမှုန့်များဝင်ရောက်မှုရှိခဲ့သော်လည်း လက်ရှိတွင် ဝင်ရောက်မှုမရှိသည်မှာ ၁ လကျော်လောက်ရှိပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့ဂျုံသီးနှံကို ရှမ်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့တွင်အဓိကစိုက်ပြီး ဂျုံစိုက်ဧကပေါင်း ၁၃၂၅၀၀ ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးသည် ဂျုံအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးဖြစ်ပြီး ဒုတိယအများဆုံးမှာ ရှမ်းပြည်နယ်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းမှထွက်ရှိသည့်ဂျုံကို ဂျုံစက်ကြီးများမှဝယ်ယူကြိတ်ခွဲပြီး ပြည်တွင်းစားသုံးမှုက အများဆုံးဖြစ်ကြောင်း၊ ပြည်ပမှ ဝင်ရောက်လာသည့် ဂျုံမှုန့်များကိုလည်း ပြည်တွင်း၌အသုံးပြုမှုရှိကြောင်းသိရသည်။

Source: Awba

## သဲကုန်းမြို့နယ်တွင် တောင်သူများ နှမ်းနက်သီးနှံကို ပိုမိုစိုက်ပျိုး



ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်တွင် နှမ်းသီးနှံကို နွေရာသီနှင့်ဆောင်းရာသီတွင် အဓိကစိုက်ပျိုးလျက်ရှိပြီး မိုးကြိုကာလတွင် မိုးနှမ်းများကို စိုက်ပျိုးကြရာ မျိုးအနေဖြင့် နှမ်းနက်ကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

သဲကုန်းမြို့နယ်တွင် လက်ရှိနှမ်းစိုက်ဧက (၃၆၈)ဧကကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် နှမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း၊ နှမ်းစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခြင်း၊ စိုက်ပျိုး၊ ရိတ်ခြွေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် စုစုပေါင်းကုန်ကျစရိတ် (၄၅၀,၀၀၀) ကျပ်ခန့် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် (၈) တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ရှိပေါက်ဈေးမှာ နှမ်းနက်တစ်တင်းလျှင် (၁၂၀,၀၀၀) ကျပ်ရရှိရာ ဝင်ငွေအနေဖြင့် (၉၆၀,၀၀၀) ကျပ်ခန့်ရရှိကြောင်း၊ တစ်ဧကအကျိုးအမြတ်မှာ (၅၁၀,၀၀၀) ကျပ်ခန့်ရရှိသည့်အတွက် နှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းသီးနှံကို ပိုမိုစိုက်ပျိုးလာကြကြောင်း သိရှိရသည်။

**Source: commerce.gov.mm**

## ပြည်နှင့် ပေါက်ခေါင်းမြို့နယ်များတွင် မိုးမြေပဲ စတင်ထွက်ပေါ်



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်များ၌ မိုးလယ်ကာလတွင် မိုးမြေပဲများ စတင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။ မိုးမြေပဲများကို မိုးဦးကာလဖြစ်သော ဇွန်လတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး (၃) လအကြာ မိုးလယ်ကာလတွင် စတင်ထွက်ရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မိုးမြေပဲများ စတင်စိုက်ပျိုးချိန်မှစ၍ သီးနှံထွက်ရှိချိန်အထိ တစ်ဧကလျှင် (၆၅၀၀၀၀-၇၀၀၀၀၀) ကျပ်ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် မြေအမျိုးအစားပေါ်မူတည်၍ တစ်ဧကလျှင် မြေပဲတင်း (၈၀) ခန့် ထွက်ရှိပြီး မြေပဲအတောင့်တစ်တင်းလျှင် အစေ့အဆန်အပေါ်မူတည်၍ မြေပဲဆန်(၅)ပိဿာနှုန်းဖြင့် ပိဿာ (၄၀၀) ခန့် ထွက်ရှိကြောင်းသိရသည်။ တောင်သူများအနေဖြင့် မြေပဲများကို ကြိတ်ခွဲ၍ရောင်းချကြပြီး မြေပဲဆန်တစ်ပိဿာလျှင် မြေပဲအမျိုးအစားအပေါ်မူတည်၍ ဈေးနှုန်းကွဲပြားမှုရှိပြီး မြေပဲဆန်(အဖြူ) တစ်ပိဿာလျှင် (၅,၅၀၀) ကျပ်နှင့် မြေပဲဆန်(အနီ) တစ်ပိဿာလျှင် (၇,၅၀၀) ကျပ် ဈေးနှုန်းများဖြင့် မြေပဲခွဲစက်များသို့ ရောင်းချကြကြောင်း သိရှိရသည်။

**Source: commerce.gov.mm**

## မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးရန် ဖိတ်ခေါ်

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ စက်တင်ဘာလ ၆ ရက်ကကျင်းပသော ASEAN Indo Pacific Forum ၏ Business Matching သို့ မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်များက မိမိတို့နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်ကြရန် Projexr Proposal Presentation များ ပြုလုပ်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်က မြန်မာနိုင်ငံ ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဒေဝက "International Fishing Port Development at Southern Myanmar" ခေါင်းစဉ်ဖြင့် Project Proposal ရှင်းလင်းတင်ပြ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

Project Proposal ရှိရာ မြိတ်မြို့သည် ကျွန်းပေါင်း ၈၀၀ ကျော်နှင့် အမျိုးမျိုးသောရေထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် အန်ဒမန်ပင်လယ် (ရေမျက်နှာပြင် ၆၀၀၀၀၀ စတုရန်းကီလိုမီတာ) ၏ အချက်အချာကျသောနေရာတွင်ရှိပါကြောင်း၊ Project ၏ Industrial Land ဧရိယာအကျယ်အဝန်းမှာ ၁၀၃ ဧကရှိပါကြောင်း၊ အာရှ၏ Main Fisheries Hub ဖြစ်လာနိုင်ပါကြောင်း၊ Project Development Time Line မှာ ၃-၅ နှစ်ဖြစ်ပါကြောင်း၊ Cold Storage Factory (3000-5000 MT), Value-added Canning Factory, Packaging Factory၊ တစ်ချိန်တည်းတွင် ရေထွက်ပစ္စည်းများ အတင်အချပြုလုပ်နိုင်သည့် Fishing Vessel (၃၀-၅၀) ဆံ့ Shipyard နှင့် Power Plant တည်ဆောက်ခြင်းများအတွက် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ အရင်းကျေကာလမှာ ယေဘုယျအားဖြင့် ၅-၇ နှစ်ဖြစ်ပါကြောင်းစသည်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဥရောပကော်မရှင်သည် ၂၀၂၃ ခုနှစ်အတွက် ဂျာမနီ၏ စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက်ကို ပြန်လည်လျှော့ချ

ဂျာမန်စီးပွားရေးသည် ၂၀၂၃ ခုနှစ်တွင် ကျုံ့နိုင်ဖွယ်ရှိကြောင်း ဥရောပကော်မရှင်က ၁၁-၉-၂၀၂၃ ရက်တွင် ပြောကြားခဲ့သည်။ ဂျာမနီ၏ Gross Domestic Product (GDP) သည် ယခင် စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းချက် ဖြစ်သော ၀.၂ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက ၂၀၂၃ ခုနှစ်တွင် ၀.၄ ရာခိုင်နှုန်းခန့်ကျဆင်းလိမ့်မည်ဟု ခန့်မှန်းထားပါသည်။

ယူကရိန်းစစ်ပွဲနှင့် ၎င်း၏အကျိုးဆက်ကြောင့်ဖြစ်ပေါ်လာသော စွမ်းအင်ဈေးနှုန်းများသည် ထုတ်လုပ်မှုကဏ္ဍကို ပြင်းထန်စွာ ထိခိုက်စေခဲ့ကြောင်း ကော်မရှင်ကပြောကြားခဲ့သည်။ ယူရိုဇုန်၏ စီးပွားရေးတိုးတက်မှုနှုန်းကိုလည်း ယခင်ခန့်မှန်းထားခဲ့သော ၁.၁ ရာခိုင်နှုန်းထက် ကျဆင်းပြီး ၂၀၂၃ ခုနှစ်တွင် ၀.၈ ရာခိုင်နှုန်းခန့်နှင့် ၂၀၂၄ ခုနှစ်အတွက်မူ ယခင်ခန့်မှန်းထားသည့် ၁.၆ ရာခိုင်နှုန်းအောက်ကျဆင်းပြီး ၁.၃ ရာခိုင်နှုန်းခန့်ရှိလိမ့်မည်ဟု မျှော်မှန်းထားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံ(၂၀)ပါဝင်သော ယူရိုဇုန်သည် ယခုနှစ်၏ ပထမသုံးလပတ်တွင် စီးပွားရေးကျဆင်းမှုဘက်သို့ ရောက်ရှိခဲ့သည်။ ယင်းသို့ စီးပွားရေးနှောင့်နှေးကျဆင်းနေရခြင်း၏ အကြောင်းအရင်းမှာ ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းကြောင့် ဝယ်လိုအားများကျဆင်းလာခြင်း၏ရလဒ်ဖြစ်ကြောင်း၊ ပြည်တွင်းဝယ်လိုအား အထူးသဖြင့် စားသုံးသူများ၏ဝယ်ယူမှု အားနည်းနေခြင်းသည်လည်း ကုန်စည်နဲ့ဝန်ဆောင်မှုအများစု၏ စားသုံးသူဈေးနှုန်းများ မျှော်မှန်းထားသည်ထက် မြင့်မားနေခြင်းကြောင့်ဖြစ်ကြောင်းနှင့် ယင်းသည် ပိုမိုဆိုးရွားသော သက်ရောက်မှုများရှိလာနိုင်သည်ကို ပြသနေခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်က ပြောကြားခဲ့သည်။

စီးပွားရေးသည် ကျဆင်းမှုဘက်သို့ ဦးတည်နေသော နည်းလမ်းအမျိုးမျိုးနှင့် ရင်ဆိုင်နေရသောကြောင့် လာမည့်လများအတွင်း ပိုမိုအားနည်းလာဖွယ်ရှိသည်ဟု မျှော်မှန်းထားကြောင်း EU Economy Commissioner ဖြစ်သူ Paolo Gentiloni က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်။

အီးယူစီးပွားရေးသည် ကပ်ရောဂါနှင့်ရုရှား-ယူကရိန်းစစ်ပွဲတို့၏ ကြီးမားသောတုန်လှုပ်မှုနှစ်ခုကို ခံစားခဲ့ရကြောင်း ကော်မရှင် ဒုတိယဥက္ကဋ္ဌ Valdis Dombrovskis ကပြောကြားခဲ့သည်။ ယူရိုဇုန်၏ အဓိကကျသော စီးပွားရေးအားလုံးတွင် စီးပွားရေးလုပ်ဆောင်မှုများ နှေးကွေးနေရခြင်းမှာ ဂျာမနီတွင် စီးပွားရေးအားနည်းနေခြင်း၏ အရင်းအမြစ်တစ်ခုပင်ဖြစ်သည်။ စွမ်းအင်ဈေးနှုန်းများ မြင့်မားနေခြင်းနှင့် အဓိကကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ဝယ်လိုအားနှေးကွေးလာခြင်းတို့သည် ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်ကိုဦးစားပေးသော ဂျာမနီနိုင်ငံ၏စီးပွားရေးကို ရိုက်ခတ်ခဲ့သည်။

ဂျာမနီသည် ယခုနှစ်အတွင်း အဓိက စီးပွားရေးနိုင်ငံကြီးများထဲမှ တစ်ခုတည်းသော စီးပွားရေးကျုံ့နိုင်ဖွယ်ရှိသည့်နိုင်ငံဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ ဇူလိုင်လတွင်ပြောကြားခဲ့သည်။

ယူရိုဇုန်တွင်လည်း အလုပ်လက်မဲ့နှုန်း စံချိန်တင်နိမ့်ကျလာပြီး အလုပ်သမားများအနေဖြင့် ဝင်ငွေပိုမိုရရှိလာသောကြောင့် ယူရိုဇုန်၏ စီးပွားရေးအခြေအနေကို ပုံမှန်စီးပွားရေးကျဆင်းနေသည့် အခြေအနေဟုမသတ်မှတ်သင့်ကြောင်း ဖော်ပြထားပါသည်။

**Source:** https://www.dw.com/en/germany-european-commission-cuts-2023-growth-forecast/a-66776816

**(စီးပွားရေးသံမှူး၊ ဘာလင်မြို့)**

## နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားကုန်သွယ်မှုအတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သည့် စင်ကာပူနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံ

စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ကာဗွန်ထုတ်လွှတ်မှုနည်းသည့် စွမ်းအင်စီမံကိန်းကို ခိုင်မာအားကောင်းစေရန်နှင့် နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားကုန်သွယ်မှုတို့အတွက် နားလည်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း စင်ကာပူနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါနားလည်မှုစာချွန်လွှာကို စင်ကာပူနိုင်ငံ Second Minister for Trade and Industry ဖြစ်သူ Tan See Leng နှင့် အင်ဒိုနီးရှားနိုင်ငံ Minister for Energy and Mineral Resources ဖြစ်သူ Arifin Tasrif တို့က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ပါသည်။ နားလည်မှုစာချွန်လွှာအရ ၂၀၃၅ ခုနှစ်တွင် ကာဗွန်ထုတ်လွှတ်မှုနည်းသည့် လျှပ်စစ်ဓာတ်အား(Low-carbon Electricity) ၄ ဂစ်ဂါဝပ်(4 gigawatts) အထိ တင်သွင်းမည့် စင်ကာပူနိုင်ငံ၏ရည်မှန်းချက်ကို ရောက်ရှိစေမည့် ခြေလှမ်းတစ်ရပ် ဖြစ်ပါသည်။

ကာဗွန်နည်းလျှပ်စစ်ဓာတ်အား နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုစီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားကုန်သွယ်မှုအတွက် အပြန်အလှန်ချိတ်ဆက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ နှစ်နိုင်ငံ၏သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ အဆိုပါစီမံကိန်းများကို အဆင်ပြေချောမွေ့စေရန် နှစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက် သွားမည် ဖြစ်ပါသည်။

Second Minister for Trade and Industry ဖြစ်သူ Tan See Leng က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် ၂ ဂစ်ဂါဝပ် လျှပ်စစ်ဓာတ်အားတင်သွင်းမှုအတွက် Conditional Approvals (CAs)တို့သည် နှစ်နိုင်ငံအကြားခိုင်မာသည့် ဆက်ဆံရေးကို ပုံဖော်သည့်အထောက်အထားဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားကုန်သွယ်မှုတွင် ပူးပေါင်းဆောင်ရွက်ရာ၌ ပိုမိုခိုင်မာအားကောင်းစေရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်ပြီး နှစ်နိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးကို အထောက်အကူပြုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များကို ရှာဖွေနိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ Minister for Energy and Mineral Resources ဖြစ်သူ Arifin Tasrif က နယ်စပ်ဖြတ်ကျော်ချိတ်ဆက်မှုအားကောင်းစေခြင်းမှတစ်ဆင့် စွမ်းအင်စီးဆင်းမှုဂေဟစနစ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြားမျှတပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စင်ကာပူနိုင်ငံ Energy Market Authority အနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ စင်ကာပူနိုင်ငံသို့ စုစုပေါင်း ၂ ဂစ်ဂါဝပ် ကာဗွန်နည်းလျှပ်စစ်ဓာတ်အားတင်သွင်းရန်အတွက် စီမံကိန်း ၅ ခုကို Conditional Approvals(CAs) ပေးသွားမည်ဖြစ်ပါသည်။ ၎င်း CAs သည် အင်ဒိုနီးရှားနိုင်ငံတွင် ဘက်ထရီစွမ်းအင်သိုလှောင်စနစ်များ၊ Solar Photovoltaics တို့အတွက် စက်ရုံများ တည်ဆောက်ခြင်းအပါအဝင် စီမံကိန်းများအတွက် လိုအပ်သည့်ခွင့်ပြုချက်များ၊ လိုင်စင်များရရှိရန် ကုမ္ပဏီများက ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ယခုချုပ်ဆိုသည့် နားလည်မှုစာချွန်လွှာအပြင် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MOU on Energy Cooperation)ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(MOU on Renewable Energy Cooperation) ကို ၂၀၂၃ ခုနှစ်၊ မတ်လတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပါသည်။

**မှတ်ချက်။** စင်ကာပူနိုင်ငံ၊ Energy Market Authority က ယခု နားလည်မှုစာချွန်လွှာအရ Conditional Approvals (CAs) ထုတ်ပေးမည့် ကုမ္ပဏီများမှာ-

(၁) Pacific Medco Solar Pte Ltd (0.6 GW)

(၂) Adaro Solar International Pte Ltd (0.4 GW)

(၃) EDP Renewables APAC (0.4 GW)

(၄) Vanda RE Pte Ltd (0.3 GW)

(၅) Keppel Energy Pte Ltd (0.3 GW)

ရင်းမြစ်။ **Ministry of Trade and Industry, Singapore**

**Energy Market Authority, Singapore**

(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

## STOCK EXCHANGE (14.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,723 (Shares) | 51,168,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 24 | 216,000 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | -100 | -3.17% | 3,000 | 3,100 | 3,000 | 2,065 | 6,221,850 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,400 | 7,400 | 7,400 | 20 | 148,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 4,611 | 7,838,700 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,200 | 1,555 | 3,492,500 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 16 | 78,400 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,750 | 1,891 | 3,353,800 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Sep. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.80 | -1.51 | -0.40% | 377.22 | 379.28 | 377.19 | 10,182 | 21,349,250 | 8 | 714,488 |

**Index chart**




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanmar and stock trading at YSX has started from Quick link Notice Disclosure

### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 13th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 27,723 (Shares) | 51,168,950 (MMK) |

### Main Board

As of 1:00 pm, 13th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 27,723 (Shares) | 51,168,950 (MMK) |

| MYANPIX | 378.80 ▼ 1.51 |
|---|---|
| Total Volume (shares) | 10,182 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 714,488 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 100 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |